# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

# Democratic Party for a New Society(DPNS)

ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၂)၊ အမှတ် (၄) စက်တင်ဘာ၊ ၂၀၁၈






## DPNS က ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်နေရာတည်း ယှဉ်ပြိုင်တာ အကျိုးအမြတ်က ဘာဖြစ်လာနိုင်မလဲ ဆိုတဲ့ မေးခွန်းအပေါ် ပါတီဥက္ကဋ္ဌရဲ့အဖြေက

ကျနော်တို့ပါတီရဲ့ နှစ်ထောင့်နှစ်ဆယ် ရွေးကောက်ပွဲ အောင်နိုင်ရေး အခြေအနေကို ခန့်မှန်းနိုင်ပါလိမ့်မယ်။ ကျနော်တို့အပေါ် လူထုရဲ့အမြင်ကို မြင်နိုင်ပါလိမ့်မယ်။

ဒါဟာ ကနေ့နိုင်ငံရေး အခြေအနေကို လူထုက ဘယ်လိုသဘောထားလဲ ဆိုတာ ပြဆိုမှာဖြစ်တယ်။

စီ စဉ် သူ
ဦးအောင်မျိုးဦး

Main ပုံနှိပ်တိုက်(၀၁၁၁၉)
အမှတ်(၁၉၁)၊ ၃၉ လမ်း(အလယ်)
ကျောက်တံတားမြို့နယ်တွင်
စောင်ရေ - ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်းကန့်သတ်အဖြစ်
အခမဲ့ဖြန့်ဝေသည်

မာ တိ ကာ

ပါတီစည်းရုံးရေးနှင့် တည်ဆောက်ရေး — စာ ၃

နည်းပရိယာယ် အခင်းအကျင်း ဟန်ချက် — စာ ၄

သဝဏ်လွှာမှာ ဘာတွေဖော်ပြကြမလဲ — စာ ၇

မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုဓာတ်ပုံများ — စာ ၈

ကမ္ဘာတခြမ်းကို ဘယ်လို တန်ဖိုးပေးမလဲ — စာ ၁၁

ပြော ချင် တဲ့ အ ကြောင်း

# ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ

မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက တန်းတူမှုကို အခိုင်အမာတောင်းဆိုသည့် နိုင်ငံရေးပါတီဖြစ်၏။ ပါတီဝင်လက်စွဲစာအုပ်တွင် လွတ်လပ်မှု၊ တန်းတူမှု၊ သွေးစည်းညီညွတ်မှုတို့သည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်များအဖြစ် ပါတီက ခံယူ၊ တန်ဖိုးထားကြောင်း၊ တန်းတူမှုမရှိက လွတ်လပ်မှုမရှိနိုင်ဟု ယုံကြည်သည့် အကြောင်းလည်း ရှင်းလင်းစွာဖော်ပြထားသည်။

လူမျိုးအရ၊ ကိုးကွယ်ရာဘာသာအရ၊ ယဉ်ကျေးမှုဓလေ့အရ၊ လိင်အရ၊ ဓနပိုင်ဆိုင်မှု အနိမ့်အမြင့်အရ၊ ဩဇာအာဏာ လွှမ်းမိုးနိုင်မှုအရ စသည်ဖြင့် မည်သည့်ပုံစံနှင့် ခွဲခြားဆက်ဆံ ဖိနှိပ်မှုမျိုးကိုမှ ပါတီက လက်မခံကြောင်းကိုလည်း ရွေးကောက်ပွဲကြေညာစာတမ်းများ၊ ထုတ်ပြန်ချက်များ၊ ပါတီခေါင်းဆောင်တို့၏ ထုတ်ဖော်ပြောဆိုမှုများ အားလုံးလိုလို၌ ထည့်သွင်း ဖော်ပြလေ့ရှိသည်။

မိမိတို့ပါတီ ရွေးကောက်ပွဲတစ်ခု၌ ပါဝင်ယှဉ်ပြိုင် အရွေးချယ်ခံရပါက မိမိတို့ ကိုယ်စားလှယ်လောင်းကို ထောက်ခံမဲပေးလိုက်သူတို့အတွက်သာမက မိမိတို့ကို မထောက်ခံ၊ မဲမပေးခဲ့သူတို့အပါအဝင် လူထုတစ်ရပ်လုံးအတွက် အလုပ်လုပ်သွားမည်ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ၏ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ပြောဆိုချက်တစ်ရပ်၌ ပါဝင်လေသည်။

ဤသည်မှာ မိမိတို့ပါတီ၏ နိုင်ငံရေးတန်ဖိုးထားမှုပင်ဖြစ်သည်။ မိမိတို့က ရွေးကောက်ပွဲများအတွင်း သန့်ရှင်းတရားမျှတစွာ ယှဉ်ပြိုင်ကြမည်။ အရွေးချယ်ခံရသောအခါလည်း မိမိတို့ယုံကြည်သည့်အတိုင်း လူ့အဖွဲ့အစည်းအကျိုး ထမ်းရွက်မည်ပင်ဖြစ်သည်။ အဘယ်ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန်ကိုမျှ မိမိတို့ကျင့်သုံးရန် အလိုမရှိ။ ဒါသည်ပင် မိမိတို့တိုင်းပြည် လွတ်လပ်ရန် အားထုတ်ကြိုးပမ်းခဲ့သော ရှေ့ဆောင်ပုဂ္ဂိုလ်တို့ တောင့်တမျှော်ရည်ခဲ့သည့် ‘ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ ’ ဖြစ်ရေး ဦးတည်ကြိုးပမ်းမှုဟု မိမိတို့ ယုံကြည်သည်။ သို့ရာတွင် မိမိတို့တိုင်းပြည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း လူမျိုးအရ၊ ကိုးကွယ်ရာဘာသာအရ၊ ယဉ်ကျေးမှုဓလေ့အရ၊ လိင်အရ၊ ဓနပိုင်ဆိုင်မှု အနိမ့်အမြင့်အရ၊ ဩဇာအာဏာ လွှမ်းမိုးနိုင်မှုအရ စသည်ဖြင့် ခွဲခြားဆက်ဆံမှု ဖိနှိပ်မှုသဏ္ဌာန်ပေါင်းစုံအား နှလုံးမသာယာစဖွယ် မြင်တွေ့နေကြရဆဲ။ သန့်ရှင်း တရားမျှတမှုတို့ မျက်နှာငယ်ကြရဆဲ။ မိမိတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ တန်းတူမှုနှင့် ငြိမ်းချမ်း ညီညွတ် လွတ်လပ်ခြင်းများ ထွန်းကားသော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်နိုင်ရန် ခက်ခဲပြင်းထန်စွာ ရုန်းကန်ကြရလိမ့်ဦးမည်ဟု မာန်ကိုတင်းမိပေသည်။

**အယ်ဒီတာအဖွဲ့**

---

## ၂၀၁၅၊ ဩဂုတ် ၁၄ ရက် ရွေးကောက်ပွဲကြေညာစာတမ်း စာမျက်နှာ ၃ မှ

ထိုကြောင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် ဒီမိုကရေစီအား တိုးချဲ့မြှင့်တင်ရာတွင် တန်းတူမှုအား အခိုင်အမာ တောင်းဆိုသည်။ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားဓနရှင်တို့ဖြင့် ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖိနှိပ်မှုယန္တရားများမှ လွတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။ တရားမျှတမှုအခွင့်အရေးများ လူတိုင်းလူတိုင်း ရရှိစေရမည်။ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ လိင်အရ၊ ယဉ်ကျေးမှုအရ ဖိနှိပ်ခွဲခြားဆက်ဆံမှုများကို တိုက်ဖျက်သွားမည်။ ။ ။ ။ အဖိနှိပ်ခံ၊ ခေါင်းပုံဖြတ်ခံ ပြည်သူတို့ဘက်မှ အစဉ်ရပ်တည်မည်။

# ပါတီစည်းရုံးရေး၊ ပါတီတည်ဆောက်ရေး

■ စောဝင်း ■

နိုင်ငံရေးပါတီတစ်ရပ်အဖို့ မှန်ကန်တဲ့မူဝါဒ၊ လမ်းစဉ်များ ချမှတ်ဖော်ထုတ်နိုင်တယ်ဆိုတာ ကိစ္စကောင်းပါ။ ပိုတိကျအောင်ဆိုရရင် ကိစ္စကောင်းဆီ ဦးတည်တဲ့ခြေလှမ်း စနိုင်ခဲ့ပြီဆိုရမှာပါ။

တကယ်တမ်းမှာ မူဝါဒ၊ လမ်းစဉ်ကောင်းတွေဟာ ပါတီရဲ့ စည်းရုံးလှုပ်ရှားမှုနဲ့ လုပ်ငန်းဆောင်ရွက်မှု အဝဝမှာ အသက်ဝင်ရှင်သန်နေအောင် ပါတီကို တည်ဆောက်နိုင်ဖို့ အထူးလိုအပ်ပါတယ်။ ဒါကိုကပဲ ကျနော်တို့ ပြောလေ့ရှိတဲ့ စည်းရုံးရေး၊ တည်ဆောက်ရေးလုပ်ငန်း ဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ စည်းရုံးရေးဆိုတာ တိုက်ပွဲဆင်မှုတစ်ရပ်ပဲဆိုတဲ့ အညွှန်းစကားကိုလည်း သတိချပ်ရမယ် ယူဆပါတယ်။

**ပါတီမူဝါဒနဲ့ လမ်းစဉ်တွေအပေါ်အခြေခံပြီး**

- ► ပါတီလုပ်ငန်းဆောင်ရွက်မှုတွေမှာ အားနည်းချွတ်ယွင်းမှုတွေကို ဖော်ထုတ်နိုင်ရမယ်။ (ကိုယ့်ကိုယ်ကိုယ်ဝေဖန်)
- ► အခက်အခဲနဲ့ ချွတ်ယွင်းချက်တွေ ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ပါတီကော်မတီတွေ၊ ပါတီရဲဘော်တွေ၊ ပါတီလူငယ်တွေ အသီးသီးက အားထုတ်လာအောင် စည်းရုံးဆွဲခေါ်နိုင်ဖို့ လက်တွေ့ကျတဲ့ လုပ်ငန်းစဉ်များနဲ့ အကောင်အထည်ဖော်ရမယ်။
- ► လက်တွေ့လုပ်ငန်းတွေမှာ ပါတီရဲဘော်တစ်ဦးချင်းစီရဲ့ တာဝန်ယူလိုစိတ်ကင်းမဲ့မှုကို တိုက်ဖျက်ဖို့ လိုသလို၊ အဆောင်အယောင် ပလွှားမှုနဲ့ ကြီးကြပ်ကွပ်ကဲမှုအပေါ်သာ မှီခိုတဲ့ဓလေ့တွေဟာ တစ်ဦးချင်းစီတာဝန်ယူလိုစိတ် ဖွံ့ဖြိုးရေးကို အဟန့်အတား ဖြစ်စေတဲ့အတွက် အဲ့ဒီအလေ့အကျင့်တွေကို လက်တွေ့လုပ်ငန်းခွင်မှာ နေရာမပေးသင့်ဘူး။
- ► အလုပ်ပြီးစီးမှုကို ပုံမှန်စစ်ဆေးတဲ့စနစ်တွေ ရှိရမယ်။
- ► ပါတီရဲ့ လက်တွေ့လုပ်ငန်းတွေအတွက် အရည်အချင်းရှိတဲ့ရဲဘော်များကို ရုံးလုပ်ငန်းတွေမှာ အချိန်မဖြုန်းခိုင်းသင့်ဘူး။
- ► ပါတီရဲ့ ဆုံးဖြတ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်သူတွေ၊ အပြောသက်သက်သမားတွေ၊ စိတ်မချ မယုံကြည်ရသူတွေ၊ စိတ်ဓာတ်ပျက်ပြားနေသူတွေကို ပါတီရဲ့ အဓိကကျတဲ့ နေရာတွေက ဖယ်ရှားပြီး၊ မှန်မှန်ကန်ကန် ခေါင်းဆောင်နိုင်စွမ်းရှိပြီး ပါတီအပေါ် သစ္စာစောင့်သိရှိသေတဲ့ လူသစ်တွေ တာဝန်တိုးမြှင့် ချထားပေးရမယ်။

အခုတင်ပြချက်တွေဟာ ပါတီ စည်းရုံးတည်ဆောက်ရေး လက်တွေ့လုပ်တဲ့အခါ ရှောင်လွှဲမရတဲ့ အလုပ်တွေပဲ ဖြစ်တယ်။ ဒါ့ကြောင့်လည်း စည်းရုံးတည်ဆောက်ရေးကို တိုက်ပွဲဆင်မှုသဏ္ဌာန်နဲ့ ထပ်တူရည်ညွှန်းတာဖြစ်တယ်။

ကျနော်တို့ရဲ့ ပါတီတည်ဆောက်ရေး၊ စည်းရုံးရေးကို ဆောင်ရွက်တဲ့အခါ ပါတီစည်းရုံးရေးမှူးများအဖို့ ကိုယ့်ရဲ့ ပါတီတာဝန်ရှိနေမှုကို သေသေချာချာ သဘောပေါက်ခံယူထားဖို့လည်း အရေးကြီးပါတယ်။ ပါတီစည်းရုံးရေး လက်တွေ့လုပ်ငန်း ဆောင်ရွက်ကြရာမှာ

- ► ပါတီနိုင်ငံရေးလမ်းစဉ်ရဲ့ လိုအပ်ချက်များနဲ့ကိုက်ညီတဲ့ စည်းရုံးရေးလုပ်ငန်း အသက်ဝင်ရှင်သန်နေရန်
- ► စည်းရုံးရေးခေါင်းဆောင်မှုကို နိုင်ငံရေးခေါင်းဆောင်မှုအဆင့်ဆီသို့ မြှင့်တင်ရန်
- ► စည်းရုံးရေးခေါင်းဆောင်မှုဟာ ပါတီရဲ့နိုင်ငံရေးဆုံးဖြတ်ချက်များ၊ နိုင်ငံရေးကြွေးကြော်သံများ အောင်မြင်ထမြောက်ရေးအတွက် အာမခံနိုင်ခြင်း ရှိ – မရှိ စစ်ဆေးဆုံးဖြတ်ရန်ဆိုတဲ့ တာဝန် (၃) ရပ်ကို စည်းရုံးရေးမှူးတိုင်းက သေသေချာချာ တာဝန်ခံ အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

ဝါရင့်လို့ သတ်မှတ်နိုင်တဲ့ စည်းရုံးရေးမှူးဟောင်းကြီးများဟာ အတွေ့အကြုံ ဗဟုသုတ၊ လေ့လာသင်ယူမှု၊ တီထွင်ကြံဆနိုင်စွမ်းတွေ ရှိနှင့်ပေမယ့် ပါတီထဲမှာ အရေအတွက်အားဖြင့် ဘယ်ခါမှ လုံလောက်အောင်မရှိတတ်ပါ။ ဇရာ သဘာဝအရလည်း တာဝန်ထမ်းဆောင်နိုင်မှုပမာဏဟာ လျော့ပြီးရင်းလျော့ဖို့ပဲ ဖြစ်ပါတယ်။ ပျိုရွယ်သော ရဲဘော်များဟာ လူဟောင်းကြီးတွေရဲ့ အရည်အသွေးမျိုးမရှိနှင့်ပါဘူး။ သို့သော် ပျိုရွယ်သူများပီပီ အသစ်ဖြစ်ပေါ် တိုးတက်မှုတို့ကို မြော်မြင်မက်မောပြီး ကိုယ့်ကိုယ်ကိုယ် အရည်အသွေးမြှင့်ရေးအတွက်လည်း ထက်သန်လှတယ်။ ဒါကြောင့် ပျိုရွယ်သူစည်းရုံးရေးမှူးသစ်များကို လူဟောင်းတွေနဲ့ တွဲဘက်ပြီး ရဲရဲတင်းတင်း တိုးမြှင့်တာဝန်ပေးသင့်ပါတယ်။ ဒီလိုနည်းနဲ့ လက်တွေ့ စည်းရုံးရေးလုပ်ငန်းမှာ အရည်ပြည့်ဝတဲ့ စည်းရုံးရေးမှူးသစ်များ အင်နဲ့အားနဲ့ တိုးတက်ရရှိလာမှာဖြစ်တယ်။

ဒီလိုမှသာ ပါတီဟာ အထက်က စည်းရုံးရေးတာဝန် (၃) ရပ်ကို အရှိန်အဟုန်ကောင်းကောင်း ကျေကျေပွန်ပွန် စွမ်းဆောင်နိုင်တဲ့ပါတီတစ်ရပ် ဖြစ်လာပါလိမ့်မယ်။ ဒါမှလည်း ပါတီဟာ နိုင်ငံရေးအရ ခိုင်မာမှုလည်းရှိ၊ ကျယ်ပြန့်မှုလည်းကောင်းတဲ့ ပါတီတစ်ရပ်အဖြစ် ရုပ်လုံးကြွလာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

■ စောဝင်း

# နည်းပရိယာယ် အခင်းအကျင်း ဟန်ချက်

## ■ တင်အေး(၈၈ မျိုးဆက်၊ ဗကသ) ■

ဒီနေ့ ဗမာပြည်နိုင်ငံရေးမှာ လိုအပ်နေတာက သူသူငါငါ ပြောနေကြသလို တတိယအင်အားစုတခု မဟုတ်ပါဘူး၊ ဘယ်သူ့အလွန် ဘယ်ဝါ့အလွန်ကာလအတွက် ပြင်ဆင်ထားရမယ့် အင်အားစုလည်း မဟုတ်ပါဘူး။

ဒါဆို ဒီနေ့ လိုအပ်နေတာ ဘာလဲ၊ အဲဒါကိုပဲ ဆွေးနွေးချင်တာပါ။

ဒီနေ့ ဗမာပြည်နိုင်ငံရေးအခြေအနေဟာ ဖြတ်သန်းခဲ့ဖူးတဲ့ ခေတ်ကာလတွေနဲ့ မတူတဲ့အခင်းအကျင်းတွေနဲ့ ရင်ဆိုင်နေရတယ်။ ဒါဟာ ကမ္ဘာကြီးရဲ့ သိပ္ပံနည်းပညာနယ်ပယ်အပါအဝင် အမျိုးမျိုးသော အပြောင်းအလဲတွေကနေ ထင်ဟပ်ရိုက်ခတ်မှုကြောင့်လည်း ဖြစ်သလို၊ ဗမာပြည်ရဲ့ ရောက်ရှိနေတဲ့ခေတ်ရဲ့ သမိုင်းပေးအခြေအနေကြောင့်လည်း အခုလို အရင်ကာလတွေနဲ့ မတူတဲ့အခင်းအကျင်းမျိုးနဲ့ ရင်ဆိုင်နေရတာပါ။။ အရင်ခေတ်ကာလတွေနဲ့မတူတဲ့ အခင်းအကျင်းတွေကို လက်မခံချင်လို့တော့ မရ၊ အဲဒါကိုက အရှိတရား ဖြစ်နေပါတယ်။ အဲဒီ့အရှိတရားဟာ ရှုပ်ထွေးလှတဲ့ အခင်းအကျင်းလို့တော့ ပြောနိုင်ပါတယ်။

### ရပ်တည်ချက် အရှုပ်အထွေး

ရှုပ်ထွေးလှတဲ့အခင်းအကျင်းနဲ့ အညီပါပဲ၊ ရပ်တည်ချက်ဆိုင်ရာ အရှုပ်အထွေးတွေလည်း ပေါ်လာတာ တွေ့ရပါတယ်။ ဒီမိုကရေစီဘက်ခြမ်းမှာရှိနေပေမယ့် ဒါဟာ ပြည်သူလူထုဘက်က ရပ်တည်တဲ့၊ အဖိနှိပ်ခံတွေဘက်က ရပ်တည်တဲ့ သဘောထား၊ အပြောအဆို၊ လုပ်ကိုင်ဆောင်ရွက်မှုမှ ဟုတ်ရဲ့လားဆိုတဲ့ ဆန်းစစ်စရာတွေလည်း ဖြစ်လာပါတယ်။

ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံမတိုင်မီကာလ၊ အရေးတော်ပုံကာလနဲ့ အရေးတော်ပုံနောက်ဆက်တွဲကာလတွေတလျှောက်လုံးမှာ ရပ်တည်ချက်ဆိုင်ရာကိစ္စက သိသာရှင်းလင်း ရှိလှပါတယ်။ အဲဒီ့အတွက် ရန်သူ၊ မိတ်ဆွေ၊ ရဲဘော်ဆိုတာလည်း ရှင်းရှင်းလင်းလင်း ရှိ၊ မဟာမိတ်စည်းကလည်း ပြတ်ပြတ်သားသား ခြားရလွယ်ပါတယ်။ အပြောအဆို၊ အရေးအသား၊ လှုပ်ရှားမှု၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေနဲ့ ပတ်သက်လို့ ဒါ ဘယ်ဘက်ကလဲလို့ အထူးတလည် စဉ်းစားနေစရာမလို၊ ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။

ဒီနေ့ကာလ၊ ပိုတိတိပပ အထူးပြုပြောရရင် ပါတီစုံလွှတ်တော် နိုင်ငံရေးအခင်းအကျင်း ပေါ်ပေါက်လာပြီးတဲ့နောက်မှာတော့ အပြောအဆို၊ အရေးအသား၊ လှုပ်ရှားမှု၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေကိုကြည့်ပြီး ရန်သူလား၊ မိတ်ဆွေလား၊ နှစ်ဘက်ခွနေတာလားဆိုတာ အကဲဖြတ်ရ ခက်လာပါတယ်။ ညီအစ်ကို မသိတသိ ဖြစ်လာပါတယ်။

### ရန်သူ၊ မိတ်ဆွေ

ဒါကြောင့် ရန်သူ၊ မိတ်ဆွေ ခွဲခြားရမယ့် သဘောထားအမြင်တခုတော့ ဒီနေ့အခြေအနေမှာ မဖြစ်မနေ ဖေါ်ထုတ်ထားဖို့ လိုအပ်နေပါပြီ။ အဲဒါဟာ ရပ်တည်ချက်အရှုပ်အထွေးကို ရှင်းထုတ်အကဲဖြတ်ရမယ့် သဘောထားအမြင် အယူအဆပဲ ဖြစ်ပါတယ်။ အနိမ့်ဆုံး ရှိသင့်ရှိထိုက်တဲ့ အချက်အလက်တွေနဲ့ ဒီမိုကရေစီဘက်တော်သားလား၊ ဒီမိုကရေစီဆန့်ကျင်တဲ့ ဘက်တော်သားလားဆိုတာ တိုင်းတာအကဲဖြတ်ဖို့တော့ လိုပါတယ်။ ဒီနေ့ကာလမှာ အဖိနှိပ်ခံ တိုင်းရင်းသား ပြည်သူတွေဘက်က ရပ်တည်တဲ့ ဒီမိုကရေစီဘက်တော်သား ဟုတ်မဟုတ် ဆန်းစစ်တဲ့အခါ အမြင့်ဆုံးဖော်ပြချက်၊ အနိမ့်ဆုံးဖော်ပြချက် တိုင်းတာစရာအချက်အလက် အများအပြား ရှိနိုင်ပါတယ်။ ဖော်ပြချက် ဒီဂရီလိုက်လို့ မဟာမိတ်အဖြစ် လက်တွဲဆောင်ရွက်မှု အတိမ်အနက်လည်း ကွာမှာပါ။

ဒီနေ့လို ရန်သူ့ဘောင်ကို ချုံ့စေပြီး၊ မိတ်ဆွေဘောင်ကို ချဲ့သထက်ချဲ့ရဖို့ ပိုလိုအပ်နေတဲ့အခြေအနေမှာ တစ်မိနစ်တူ တစ်မိနစ်တွဲလုပ်၊ နှစ်မိနစ်တူ နှစ်မိနစ်တွဲ လုပ်ကြရမှာ ဖြစ်သလို၊ တစ်ခုတူ တစ်ခုတွဲလုပ်၊ နှစ်ခုတူနှစ်ခုတွဲ လုပ်ကြရမှာပဲ မဟုတ်လား။

ဒါကြောင့် တူညီတဲ့အခြေအနေပေးမှုအပေါ်မှာ တူနိုင်သလောက် တွဲအလုပ်လုပ်လို့ရအောင် အနိမ့်ဆုံးဖော်ပြချက်နဲ့ ရန်သူ၊ မိတ်ဆွေ၊ ရဲဘော်ဆိုတဲ့စည်း၊ ဒီမိုကရေစီဘက်တော်သားနဲ့ ဒီမိုကရေစီဆန့်ကျင်သူ ဘက်တော်သားဆိုတဲ့ စည်းကို သတ်မှတ်ရပါလိမ့်မယ်။ ဒီနေ့ စည်းသတ်မှတ်ဖို့၊ ဘက်ခွဲခြားဖို့ အနိမ့်ဆုံး ဖော်ပြချက်ကတော့ –

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနှစ်သာရ ပြောင်းလဲပစ်ဖို့လိုအပ်ကြောင်း တစိုက်မတ်မတ် လက်တွေ့ကျကျ အခိုင်အမာ ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဖုံးကာစ ပြောင်း

ရမယ်၊ အသစ်ရေးဆွဲရမယ်၊ ပြင်ဆင်ရေးဆွဲမယ်၊ ဖွဲ့စည်းပုံကို လက်ခံကြောင်း၊ လက်မခံကြောင်း လူထုဆန္ဒခံယူပွဲ ပြန်လုပ်ရမယ် စသဖြင့် ဖော်ထုတ်ချက်အမျိုးမျိုး ရှိပါတယ်။

ဖော်ထုတ်ချက်အမျိုးမျိုးဖြစ်နေတာဟာ နည်းပရိယာယ် မတူကြတာသာဖြစ်ပြီး အဓိကဖော်ပြရမှာကတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ဒီမိုကရေစီ အနှစ်သာရတွေပါတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် ပြောင်းလဲပစ်ရမယ်ဆိုတဲ့ အချက်ကိုတော့ တစိုက်မတ်မတ် လက်တွေ့ကျကျ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ဖော်ပြရပါမယ်။

အဲ့ဒီထဲမှာမှ အခြေအနေလိုက်လို့ စစ်အာဏာရှင်စနစ်ကို အကာအကွယ်ပေးထားတဲ့ အနှစ်သာရတွေကို မထိပါးစေဘဲ၊ ဟိုနားတိ ဒီနားတိ ပြင်ချင်တာမျိုးကတော့ အနှစ်သာရကို ပြောင်းလဲချင်တဲ့ ဖော်ပြချက်မဟုတ်လို့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူလူထုဘက်က ရပ်တည်ပြီး ပြောင်းလဲချင်တာလို့ အကဲဖြတ်သတ်မှတ်လို့ မရနိုင်ပါဘူး။

ပြည်သူလူထုအကျိုးစီးပွားအပေါ်မှာ ရပ်တည်တဲ့ ရပ်တည်ချက်၊ အဖိနှိပ်ခံပြည်သူတွေ၊ အဖိနှိပ်ခံတိုင်းရင်းသားတွေဘက်က ရပ်တည်တဲ့ရပ်တည်ချက်၊ ဒီမိုကရေစီဘက်ခြမ်းမှာ ရှိကြသူတွေဟာ အဲသလို ရပ်တည်ချက်တူကြတယ်ဆိုတဲ့ အခြေခံအပေါ်မှာ ဆက်ဆွေးနွေးမှာပါ။

## နည်းပရိယာယ်အခင်းအကျင်းနဲ့ ပွတ်တိုက်မှု

ရပ်တည်ချက်တူကြတဲ့အတွက် ဘက်တဘက်တည်း၊ ပန်းတိုင်တခုတည်း၊ ရည်ရွယ်ချက် အတူတူ။ ဒါပေမဲ့ ပန်းတိုင်ကို ရောက်အောင်သွားကြမယ့် ခင်းကျင်းကြတဲ့ နည်းပရိယာယ်၊ ချမှတ်ထားတဲ့ နည်းနာက မတူ။ နည်းပရိယာယ် မတူတော့ အကောင်အထည်ဖော်ကြတဲ့ အလုပ်တွေ၊ လှုပ်ရှားမှုတွေ မတူ။ နည်းပရိယာယ်မတူကြတဲ့အပေါ်မှာ ဒီမိုကရေစီဘက်ခြမ်းမှာ ရှိကြသူချင်းဟာ ကိုယ်ယုံကြည်တဲ့နည်းပရိယာယ်နဲ့အညီ ပေါ်ထွက်လာတဲ့ ကိုယ့်လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ရင်း ပွတ်တိုက်မှုတွေ ဖြစ်ပေါ်တတ်ကြပါတယ်။

အဲ့ဒီပွတ်တိုက်မှုတွေကို မှန်မှန်ကန်ကန် ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ကြည်လင်တဲ့သဘောထားအမြင်တရပ်ရှိဖို့ လိုအပ်ပါတယ်၊ အဲ့ဒီအတွက် နည်းပရိယာယ်အခင်းအကျင်း မတူကြရတဲ့ အကြောင်းတွေကိုလည်း နားလည်ထားဖို့ လိုအပ်ပါတယ်။ ရပ်တည်ချက် အနိမ့်ဆုံးတူသော်လည်း နည်းပရိယာယ်အခင်းအကျင်း မတူကြရတဲ့ အကြောင်းရင်းတွေကို ရှာကြည့်တဲ့အခါ

– ပကတိအခြေအနေတစ်ရပ်အပေါ်မှာ အကဲဖြတ်ချက်မတူရင် နည်းပရိယာယ်အခင်းအကျင်း ကွဲပါတယ်။

– အတွေ့အကြုံ၊ ဖြတ်သန်းမှု၊ ဘဝခံစားမှု မတူရင် နည်းပရိယာယ်အခင်းအကျင်း ကွဲပါတယ်။

– ယုံကြည်ချက်၊ လေ့လာမှု(ဖတ်တဲ့စာအုပ်) မတူရင် နည်းပရိယာယ်အခင်းအကျင်း ကွဲပါတယ်။

နည်းပရိယာယ်အခင်းအကျင်း ကွဲကြတာဟာ အဲဒီအကြောင်းခံတွေကြောင့်လို့ နားလည်ရင် ပွတ်တိုက်မှုတွေဖြစ်တဲ့အခါ ငါနဲ့ မတူ၊ ငါ့ ရန်သူဆိုတဲ့သဘောထားနဲ့ တုံ့ပြန်မှုတွေကို ထိန်းသိမ်းနိုင်ပါလိမ့်မယ်၊ မုန်းသူတွေ ဝမ်းသာစေပြီး ချစ်သူတွေ ဝမ်းနည်းစေမယ့် အပြုအမူ၊ အပြောအဆိုတွေကို ထိန်းသိမ်းနိုင်ပါလိမ့်မယ်။ ပွတ်တိုက်မှုအပေါ် ရန်ဘက်အသွင်မဆောင်စေဘဲ မိတ်ဘက်အသွင် တုံ့ပြန်နိုင်ပါလိမ့်မယ်။

## နည်းပရိယာယ်အခင်းအကျင်းနဲ့ ခေါင်းဆောင်မှုအခန်း

နိုင်ငံရေးလှုပ်ရှားမှုမှာ ခေါင်းဆောင်မှုအခန်းဆိုတာ ရှိပါတယ်။ နည်းပရိယာယ်အခင်းအကျင်း မတူကြတာနဲ့ ပတ်သက်လို့ တဖွဲ့နဲ့တဖွဲ့ကြား၊ တဦးနဲ့တဦးကြား မတူတာဟာ လွှမ်းမိုးမှု၊ အပြန်အလှန်ထိခိုက်မှု၊ ပွတ်တိုက်မှု မကြီးမားလှပါဘူး။

ဒါပေမဲ့ ခေါင်းဆောင်မှုအခန်းနဲ့ ကျန်အင်အားစုတွေကြား နည်းပရိယာယ်အခင်းအကျင်း မတူရင်တော့ သက်ရောက်မှုဟာ ကြီးမားတတ်ပါတယ်။ ပွတ်တိုက်မှုတွေအပေါ် တုံ့ပြန်မှုတွေကလည်း ပြင်းထန်တတ်ပါတယ်။ မိတ်ဘက်အသွင်မဆောင်ဘဲ၊ ရန်ဘက်အသွင်ဆောင်တဲ့ တုံ့ပြန်မှုတွေအထိ ဖြစ်တတ်ပါတယ်။ ဒါဟာ ဒီမိုကရေစီအင်အားစုတွေကြားက အန္တရာယ်လက္ခဏာပါ။

အန္တရာယ်လက္ခဏာမဖြစ်စေချင်လို့ အလျှော့အတင်းလုပ်ပြီး ကိုယ့်နည်းပရိယာယ်ကို ပြောင်းပေးရမယ်ဆိုတာလည်း ဘယ်သူ့ဘယ်သူ ဘယ်ဘက်ကမှ မဖြစ်နိုင်၊ စိတ်ကူးယဉ်တာပဲ ဖြစ်ပါလိမ့်မယ်။

ယုံကြည်ချက်မှာ အလျှော့အတင်းဆိုတာ မရှိပါဘူး။ ယုံကြည်ချက်ဟာ မျဉ်းဖြောင့်သဘောဆောင်ပါတယ်။

ဒါဆိုရင် ဘက်တူ၊ ရပ်တည်ချက်တူ၊ ရည်ရွယ်ချက်တူသူတွေကြားမှာ နည်းပရိယာယ်မတူကြတာကို ဘယ်လိုသဘောထား စခန်းသွားကြမလဲ။

## နည်းပရိယာယ်ဟန်ချက်ညီရေး

နိုင်ငံရေးအဖွဲ့အစည်းတရပ်၊ နိုင်ငံရေးပါတီတရပ်၊ နိုင်ငံရေးသမားတယောက်ဟာ ကိုယ့်စိတ်ကူးထဲရှိတဲ့အတိုင်း ထင်ရာမြင်ရာ ပြောလို့ဆိုလို့ လုပ်လို့ မရပါဘူး။ ပကတိအခြေအနေ တရပ်အပေါ်မှာ အကောင်းဆုံးဖြစ်နိုင်ခြေလို့ သူယုံကြည်တဲ့လမ်းကို ရွေးလျှောက်ရတာပါ။

***စာမျက်နှာ (၁၁) သို့***

# သဝဏ်လွှာမှာ ဘာတွေဖော်ပြကြမလဲ

■ ဇွန်မိုး ■

(၁)

ရှစ်လေးလုံးဒီမိုကရေစီ လူထုအရေးတော်ပုံကြီး ဖြစ်ခဲ့တာ ဒီနှစ် နှစ် ၃၀ ပြည့်ပါတယ်။

ပုလဲရတုလို့ သတ်မှတ်ခေါ်ဝေါ်သုံးစွဲပြီး ဂုဏ်ပြုကြတဲ့ အင်အားစုတွေ ရှိသလို နှစ် ၃၀ ပြည့် အထိမ်းအမှတ် အဖြစ် ဂုဏ်ပြုကြတဲ့အင်အားစုတွေလည်း ရှိကြပါတယ်။ ဘယ်လိုပဲ သတ်မှတ်သတ်မှတ် ဒီနေ့ဟာ လူမျိုးစုံပြည်သူတွေရဲ့ အသက်တွေ၊ သွေးတွေ၊ ဘဝတွေနဲ့ရင်းပြီး ကျနော်တို့နိုင်ငံရဲ့ သမိုင်းမှာ အင်မတန်အရေးကြီးတဲ့ အပြောင်းအလဲတွေကို သယ်ဆောင်ပေးခဲ့တဲ့ သမိုင်းတန်ဖိုးကြီးမြတ်လှတဲ့ နေ့ထူးနေ့မြတ်ကြီးတစ်ခု ဖြစ်တယ်လို့ အရေးတော်ပုံ တပ်သားတိုင်းက အလေးအနက် ယုံကြည်ထားကြတာ ဖြစ်ပါတယ်။

ဒီရက် (၈၊၈၊၂၀၁၈ရက်နေ့) မတိုင်ခင် တော်တော်ကြာကြာကပဲ ဒီရက်ကို ဘယ်လိုအထိမ်းအမှတ်ပြုကြမလဲ ဆိုတာ စဉ်းစားကြ၊ တိုင်ပင်ကြ၊ ညှိနှိုင်းကြတာတွေ အင်အားစုတွေအတွင်းမှာ တော်တော်ပဲ ခပ်စိပ်စိပ် လုပ်ကြတာတွေ တွေ့ရပါတယ်။ ဒီအရေးတော်ပုံကြီးက လူထုတစ်ရပ်လုံးပိုင်၊ ကျနော်တို့နိုင်ငံရဲ့ လူထုလူတန်းစား အလွှာအသီးသီးပိုင် ဖြစ်လေတော့ အားလုံးက အလေးအနက်ထားပြီး ပြင်ဆင်ကြတာ ဖြစ်ပါတယ်။ ဒီအရေးတော်ပုံကြီးက တစ်နေရာတည်းမှာ သို့မဟုတ် နေရာအချို့မှာသာ ကွက်ပြီးဖြစ်တာမဟုတ်ဘဲ နိုင်ငံအနှံ့ နေရာလပ်မကျန်အောင် ဖြစ်ခဲ့တာဆိုတော့ ဒေသအသီးသီးက အင်အားစုတွေကလည်း ဒေသအလိုက် အထိမ်းအမှတ်ပွဲတွေ ကျင်းပဖို့ လှိုက်လှဲတန်ဖိုးထားစွာ ပြင်ဆင်ခဲ့ကြပါတယ်။

ဘယ်မှာကျင်းပမလဲ၊ ဘယ်လိုကျင်းပမလဲ၊ ဘယ်လို အနှစ်သာရတွေကို ဒီပွဲကနေ ရရှိအောင် ဆောင်ရွက်ကြမလဲ စဉ်းစားကြပါတယ်။ စဉ်းစားချက်တွေကို ချုပ်လိုက်ရင် အရေးတော်ပုံကြီးအလွန် နှစ်၃၀ ဖြတ်သန်းမှုတွေကို ပြန်ပြီး ဆန်းစစ်ကြမယ်။ အရေးတော်ပုံကြီးက အပ်နှင်းလိုက်တဲ့ အလုပ်တာဝန်တွေ ဘာတွေပြီးမြောက်ပြီး ဘာတွေကျန်ရှိနေသေးသလဲ ဆန်းစစ်ကြမယ်။ ပြီးတော့ အပြည့်အစုံပြီးမြောက်ဖို့ဆိုရင် ရှေ့မှာ ဘာတွေ ဆက်လက်လုပ်ဆောင်ကြရမလဲ ဘယ်ပုံ ဘယ်နည်းနဲ့ ဆက်လက်လုပ်ဆောင်ကြမလဲ စတာတွေနဲ့ ပတ်သက်တဲ့ အင်အားစုအသီးသီးရဲ့အမြင်တွေကို အပြန်အလှန် ဖလှယ်ကြမယ်၊ အပြန်အလှန်လေ့လာကြမယ်။ အဲဒီကတဆင့် ဘုံတူညီချက်တွေကို ဝိုင်းပြီး ရှာဖွေစုစည်း ယူကြမယ် ဆိုတဲ့သဘော စဉ်းစားဖြစ်ကြပါတယ်။

(၂)

ဒါဆို အမြင်သဘောထားတွေ ရနိုင်သမျှ များများရနိုင်အောင်၊ မိမိတို့အင်အားစုတွေ အတတ်နိုင်ဆုံး စုံစုံလင်လင် ပါဝင်နိုင်အောင် ကြိုးပမ်းရေးဟာ ကနဦးဆောင်ရွက်ရမယ့် အခရာကျတဲ့အလုပ် ဖြစ်လာပါပြီ။ အဲလိုဆောင်ရွက်နိုင်ဖို့ဆိုရင် ကျယ်ပြန့်ပြီး အမြော်အမြင်ရှိတဲ့ ဖိတ်ကြားရေးမူတစ်ခု အသေအချာ ချကြရတော့မှာဖြစ်ပါတယ်။ ဟိုလူကျန်၊ ဒီလူကျန်၊ ဟိုအဖွဲ့အစည်းချန်၊ ဒီအဖွဲ့အစည်းချန် ဆိုတာမျိုးတွေ မဖြစ်ရလေအောင် မူချကြရမှာ ဖြစ်ပါတယ်။

ကျိန်းသေတာကတော့ အရေးတော်ပုံကြီးကို တန်ဖိုးထားသူ၊ တန်ဖိုးသိသူ၊ အရေးတော်ပုံကြီးကပြဋ္ဌာန်းလိုက်တဲ့ လုပ်ငန်းတာဝန်များကို ကနေ့အထိ နှစ် ၃၀ လုံးလုံး ကျရာအခန်းမှ ဦးလည်မသုန် ထမ်းဆောင်နေသူ၊ နောင်လည်း ဆက်လက်ထမ်းဆောင်သယ်ပိုးသွားရန် စိတ်အားထက်သန်သူ ဘယ်သူမဆို၊ ဘယ်အဖွဲ့အစည်းမဆို၊ ဘယ်အင်အားစုကိုမဆို ကျနော်တို့ ဖိတ်ကြားကြရမှာ ဖြစ်တယ်လို့ မြင်ပါတယ်။

ကျနော်တို့ မဖိတ်ကြားရမှာက၊ (ယောင်လို့တောင် မဖိတ်မိအောင်သတိထားရမှာက) အရေးတော်ပုံကြီးကို နည်းသဏ္ဌာန်အမျိုးမျိုးနဲ့ ဖိနှိပ်ဖြိုခွဲခဲ့သူ၊ နည်းသဏ္ဌာန်အမျိုးမျိုးနဲ့ ပုံဖျက်စော်ကားခဲ့သူ၊ အခုထိလည်း အရေးတော်ပုံကြီးက ပြဋ္ဌာန်းလိုက်တဲ့ လုပ်ငန်းတာဝန်များ အကောင်အထည် မဖော်နိုင်ရေးအတွက် နည်းသဏ္ဌာန်အမျိုးမျိုးနဲ့ ဟန့်တားနှောင့်ယှက်နေသူ၊ နောင်လည်း အဲဒီအကျင့်အကြံအပြုအမူတွေကို ဆက်လက်ဆောင်ရွက်သွားရန် မဟာဗျူဟာချပြီး ကြံစည်အားထုတ်နေသူ ဘယ်သူမဆို၊ ဘယ်အဖွဲ့အစည်းမဆို၊ ဘယ်အင်အားစုကိုမဆို မဖိတ်မိဖို့ အထူးအရေးကြီးပါတယ်။

(၃)

ဖိတ်ကြားရေးမူချတဲ့အခါ ဘယ်လိုအချက်အလက်တွေ ချထားတယ်ဆိုတာ အတိအကျမသိပေမယ့် အသံစုံအောင် စုစည်းဖို့ လိုက်ပြီး ဖိတ်နေကြတဲ့ ဖိတ်ကြားရေးအလုပ်အဖွဲ့က



တာဝန်ရှိသူတွေရဲ့ ဖိတ်ကြားနေတဲ့ သတင်းဓါတ်ပုံတွေ ဖေ့စ်ဘုတ် စာမျက်နှာတွေပေါ် တက်လာသမျှကိုတော့ ဂရုတစိုက်ပဲ စောင့်ကြည့်မိပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို သွားဖိတ်ကြတာ တွေ့ရတယ်။ ကောင်းတာပေါ့။ ဖြစ်သင့်တာပေါ့၊ ဒီပွဲမှာ ဒေါ်အောင်ဆန်းစုကြည်လိုပုဂ္ဂိုလ်မျိုး တက်ရောက်ဆွေးနွေးတာ၊ အမြင်ဖလှယ်တာလုပ်ဖို့ သိပ်လိုအပ်တာပေါ့။ ဓါတ်ပုံကိုကြည့်ရတာ အားရကျေနပ်မိပါတယ်။

နောက်တပုံ ထပ်တက်လာတယ်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကို သွားဖိတ်ကြတဲ့ပုံ။ ဦးဝင်းမြင့်ကလည်း လှိုက်လှိုက်လှဲလှဲ ဖိတ်စာကို လက်ခံရယူနေတာ တွေ့ရတယ်။ ဒါလည်း သိပ်ကိုကောင်းတယ်လို့ ကျနော်ယူဆမိတယ်။ လူထုအရေးတော်ပုံကြီးရဲ့အထိမ်းအမှတ် ဆွေးနွေးပွဲမှာ လူထုအစိုးရရဲ့ ထိပ်ဆုံးခေါင်းဆောင် နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ပြီး ဂုဏ်ပြုမှာ၊ သမ္မတရဲ့အမြင်တွေ ဆွေးနွေးပေးမှာ အင်မတန်ကောင်းတဲ့အစီအစဉ်တွေပဲလို့ တွေးရင်း ဖိတ်ကြားရေးအလုပ်အဖွဲ့ကို စိတ်ထဲက ချီးကျူးနေမိခဲ့ပါတယ်။

နောက်တပုံ တင်လာပြန်ပြီ၊ ကြည့်လိုက်တော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းကို သွားဖိတ်နေကြတဲ့ပုံ။ မန်းဝင်းခိုင်သန်းကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ထိပ်တန်းခေါင်းဆောင်တဦးလည်းဖြစ်၊ ကရင်အမျိုးသားတဦးလည်းဖြစ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌလည်း ဖြစ်ဆိုတော့ ဖိတ်သင့်တာပေါ့။ ပုံလေးတွေကြည့်ရင်း ဝမ်းသာကြည်နူးဖြစ်မိပါတယ်။

နောက်တပုံတက်လာတယ်။ ကျနော် မင်သက်မိသွားတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ကို သွားဖိတ်နေကြတာပါ။ ကျနော် မစဉ်းစားတတ်တော့ဘူး။ ကျနော် စဉ်းစားထားတဲ့ ဖြစ်သင့်တဲ့ ဖိတ်ကြားရေးမှုအရဆို ဦးတီခွန်မြတ်ကို ဖိတ်စရာအကြောင်း လုံးဝမရှိဘူး။ သူက ပြည်ခိုင်ဖြိုးပါတီ အမာခံ၊ ဗိုလ်ရွှေမန်းရဲ့ သာဝက တပည့်ရင်း။ ဒီလိုလူဆီက အရေးတော်ပုံကြီးအတွက် ဘယ်လောက်ကျေးဇူးရှိတဲ့စကား ထွက်လာမှာမို့လို့လဲ။ ဘာကို မျှော်လင့်ပြီး ဖိတ်တာလဲ ကျနော် စဉ်းစားလို့မရဘူး။

နောက်တပုံ ထပ်တက်လာတော့ ပိုဆိုးသွားတယ်။ ဒုတိယသမ္မတဦးမြင့်ဆွေကို သွားဖိတ်ပြီး ကြည်နူးအားရနှုတ်ဆက်နေကြတဲ့ပုံကို တင်ထားတာပါ။ ဦးမြင့်ဆွေဆိုတာ ဘယ်သူလဲ။ ဘယ်လိုလူစားမျိုးလဲ၊ ဘယ်လိုယူနီဖောင်းကနေ ပိုးတိုက်ပုံ ပိုးပုဆိုးကို ပြောင်းဝတ်နေတာလဲ။ ဖိတ်တဲ့သူတွေ မသိကြတာလား။ ဖိတ်ကြားရေးအလုပ်အဖွဲ့က လက်ဆွဲနှုတ်ဆက်နေတဲ့ အဲဒီလူရဲ့လက်မှာ အရေးတော်ပုံကြီးအတွင်း အသက်ပေးသွားကြတဲ့ ရဲဘော်အထောင်အသောင်းရဲ့ သွေးတွေ ခုထိ မခြောက်သေးပါဘူး။ ကိုယ့်လူတွေ ဘာမူတွေနဲ့ သွားပြီးဖိတ်ကြတာလဲ။ အခမ်းအနားမှာ ဒီလူတွေလာပြီး ဖလှယ်မယ့်အမြင်ကို ကျနော်တို့က ဘာလို့ အရေးလုပ်ပြီး နားထောင်နေရမှာလဲ။

ကျနော်ကတော့ ဒီလူတွေပြောမယ့်စကားကို ကြားလည်း မကြားချင်ဘူး။ ဒီလူတွေကို မြင်လည်းမမြင်ချင်ဘူး၊ ဒီပွဲနဲ့ ဒီလူတွေနဲ့ ဘာဆိုဘာမှမဆိုင်ဘူး။ ဒီလိုလူတွေနဲ့ ခန်းမတခုထဲမှာ ဒီလိုပွဲမျိုးကို လက်တွဲပြီး လုံးဝ မဆင်နွှဲနိုင်ဘူး။ ဖိတ်ကြားရေးအလုပ်အဖွဲ့ရဲ့ ဖိတ်ကြားရေးမှုကို မမြင်ဖူးပေမယ့် ကျနော် တော်တော် စိတ်ပျက်သွားမိတယ်။

## (၄)

ဒီလိုနဲ့ ပွဲရက်ကိုရောက်လာပါပြီ။ ပွဲကို ရန်ကုန်တက္ကသိုလ်ထဲက အပန်းဖြေရိပ်သာ (RC) ခန်းမမှာ ပြုလုပ်ခွင့်ရရှိပါတယ်။ ဒါက အစိုးရရဲ့ ကောင်းမှုပြုချက် ဖြစ်တယ်လို့ သိရပါတယ်။ ဒီမိုကရက်တစ်မြန်မာ့အသံ DVB က တိုက်ရိုက် Live လွှင့်ပေးပါတယ်။ အရေးတော်ပုံ နှစ်၃၀ ပြည့် အခမ်းအနားကို စစ်အာဏာရှင်ဂိုဏ်းသားတွေနဲ့ အတူတွဲပြီး တက်ရမယ့်အဖြစ်ကို ဘယ်လိုမှမခံစားနိုင်လို့ သွားမတက်ရေး ဆုံးဖြတ်ထားပေမယ့် ပွဲရဲ့အခင်းအကျင်းကိုတော့ DVBကနေ လေ့လာကြည့်ဖြစ်ပါတယ်။

***စာမျက်နှာ(၁၀) သို့***

# မဲဆွယ်စည်းရုံးရေး




အတွဲ(၂)၊ အမှတ်(၄)၊

# လှုပ်ရှားမှု ဓာတ်ပုံများ



*စာမျက်နှာ (၇) မှ အဆက်*

ဒေါ်အောင်ဆန်းစုကြည် တက်တာ မတွေ့ရပါ။ ထို နည်းတူ နိုင်ငံတော်သမ္မတ တက်တာလည်း မတွေ့ရပါ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်လာတာလည်း မတွေ့ရပါ။ အလားတူ ဦးတီခွန်မြတ်နှင့် ဦးမြင့်ဆွေတို့လည်း တက်လာကြတာ မတွေ့ရပါ။ အခမ်းအနားမှူးက သဝဏ်လွှာများ ဖတ်ကြားခြင်းအစီအစဉ် ထည့်သွင်းကြေညာသွားတော့ လူကိုယ်တိုင် မတက်ရောက်နိုင်ကြပေမယ့် သဝဏ်လွှာတွေတော့ ပေးပို့ထားကြရှာသားပဲလို့ တွေးပြီး ဆက်ကြည့်နေလိုက်ပါတယ်။

ပေးပို့လာတဲ့ သဝဏ်လွှာတွေအနက် အရေးကြီးတဲ့ သဝဏ်လွှာတွေကို တစောင်ပြီးတစောင် ဖတ်ပါတယ်။

အစဉ်အလာသဘောပဲထင်ပါရဲ့။ နိုင်ငံတော်အဆင့် အကြီးအကဲတွေရဲ့ သဝဏ်လွှာတွေကစပြီး ဖတ်ပေးနေကြတာ ဖြစ်ပါတယ်။

ပထမဆုံး ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်ရဲ့ သဝဏ်လွှာကို စဖတ်ပါတယ်။ သဝဏ်လွှာက ၂ မျက်နှာ နီးပါးလောက်ရှိပါတယ်။ ဒါပေမဲ့ အရေးတော်ပုံကြီးကို ဂုဏ်ပြုပြောဆိုတာမျိုး တစ်လုံးဆိုတစ်လုံးမှမပါအောင် ရှောင်ပြီးရေးထားတာဖြစ်ပါတယ်။ ပြည်နိုင်ဖြိုးအမာခံတယောက် ပီသပါပေတယ်။ သူတို့မူကို တစ်ချက်လေးမှ အတိမ်းအစောင်း မခံပါဘူး။ သူ့ကိုသူ အမွှန်းတင်တာနဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်က လွှတ်တော်ကို အမွှန်းတင်ထားတာတွေပဲ စီကာပတ်ကုံးရေးထားပြီး အဲဒါကို သဝဏ်လွှာလုပ်ပြီး ပေးပို့လိုက်တာ ဖြစ်ပါတယ်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းရဲ့ သဝဏ်လွှာကို ဆက်ဖတ်ပါတယ်။ သဝဏ်လွှာက တစ်မျက်နှာခွဲနီးပါး ရှိပါတယ်။ သဝဏ်လွှာတစ်စောင်လုံးက အရေးတော်ပုံကြီးရဲ့ ဂုဏ်ပုဒ်တွေကိုဖော်ပြပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးဆီအရောက် နိုင်ငံသားတိုင်းက ပါဝင်လုပ်ဆောင်ကြဖို့ တိုက်တွန်းထားတာ တွေ့ရပါတယ်။ ဒီမိုကရေစီဘက်တော်သား၊ အရေးတော်ပုံတပ်သား ပီသတယ်လို့ မှတ်ချက်ပြုမိပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်အဆင့်အကြီးအကဲများရဲ့ သဝဏ်လွှာတွေ ဆက်ဖတ်လိမ့်မယ်လို့ ယူဆမိပေမယ့် ဖတ်စရာ နိုင်ငံတော်အဆင့်သဝဏ်လွှာ နောက်ထပ်တစ်စောင်မှ မရှိတော့ဘူးလို့ သိရပါတယ်။ အခမ်းအနားကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆီကလည်း သဝဏ်လွှာ မပေးပို့သလို နိုင်ငံတော်သမ္မတဆီကလည်း မပေးပို့ထားဘူးလို့ သိရပါတယ်။

အခမ်းအနားရဲ့ ရှေ့ဆုံးခုံတွေမှာ နေရာယူထားသူတွေကို သတိထားကြည့်မိပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေထဲမှာ ဦးဖေမြင့် တက်ရောက်တာ တွေ့ရပါတယ်။ ဒါပေမဲ့ စကားပြောတဲ့အစီအစဉ်ထဲမှာရော၊ သဝဏ်လွှာပေးပို့သူ စာရင်းမှာရော ဦးဖေမြင့်အမည် မတွေ့ရပါဘူး။ ပြည်ထောင်စုအဆင့်ဝန်ကြီး တဦးတယောက်မှ သဝဏ်လွှာပေးပို့ထားတာ မတွေ့ရပါဘူး။

ထိုနည်းတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်တွေ တက်ရောက်ကြတာ တွေ့ရပေမယ့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကိုယ်စားပြုပြီး စကားပြောတာလည်း မတွေ့ရသလို သဝဏ်လွှာပေးပို့ ဖတ်ကြားတာမျိုးလည်း မတွေ့ရပါဘူး။

ထိုနည်းတူ ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်အချို့ တက်ရောက်လာကြတာ တွေ့ရပေမယ့် ရန်ကုန်တိုင်းဒေသကြီးအစိုးရကို ကိုယ်စားပြုပြီး စကားပြောတာလည်း မတွေ့ရသလို သဝဏ်လွှာပေးပို့တာလည်း မတွေ့ရပါ။ ထိုနည်းလည်းကောင်းပါပဲ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကို ကိုယ်စားပြုပြီး စကားပြောတာလည်း မတွေ့ရသလို သဝဏ်လွှာပေးပို့တာလည်း မတွေ့ကြရတာကို သတိပြုမိပါတယ်။

## (၅)

နိုင်ငံတော်အဆင့် ခေါင်းဆောင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ခေါင်းဆောင်ကြီးများ၊ ပါတီဌာနချုပ်ခေါင်းဆောင်ကြီးများရဲ့ အမြင်တွေ၊ စဉ်းစားထားချက်တွေ၊ ဒီနေ့ကို ဂုဏ်ပြုရင်း တလေးတနက်ပြောဆိုကြမယ့် အယူအဆတွေကို ဒီအထိမ်းအမှတ်အခမ်းအနားကတဆင့် လူထုကို အသိပေးလိမ့်မယ်လို့ မျှော်လင့်မိတာ အမှန်ပါ။

ဘာတွေ တက်ရောက်ပြောဆို ဆွေးနွေးကြမလဲ။ သို့မဟုတ် အလုပ်များကြလို့ သဝဏ်လွှာပဲပေးပို့နိုင်တော့မယ်ဆိုရင်လည်း သဝဏ်လွှာထဲမှာ ဘာတွေဖော်ပြကြမလဲ ကျနော် တလေးတနက်ကို သိချင်၊ ကြားချင်၊ လေ့လာချင်မိပါတယ်။

ပြောမယ်ဆိုရင် ခေါင်းဆောင်ကြီးများအနေနဲ့လည်း ဒီနေ့မှာ အရေးတော်ပုံကြီးကို အထိမ်းအမှတ်ပြုရင်း လူထုဆီကို မိမိပေးချင်တဲ့သတင်းစကား (Political Message) ပေးဖို့ အခွင့်အလမ်းရရှိတာလည်း ဖြစ်တယ်လို့ ကျနော် ခံစားမိပါတယ်။

အခုဟာကျ ဒီအမြင်တွေကို သိချင်၊ ဒီအသံတွေကို ကြားချင်ကြလို့ တလေးတစား ဖိတ်ကြားထားပါလျက် လူကိုယ်တိုင်လည်း မတက်ရောက်ကြ။ သဝဏ်လွှာပေးပို့ပြီး အမြင်သဘောထား ဖော်ပြပေးတာမျိုးလည်း လုံးဝမလုပ်ကြတာ ဆိုတော့ ကျနော့်စိတ်ထဲ ခံစားချက်မကောင်း ဖြစ်မိပါတယ်။

တကယ်တမ်းပြောကြစို့ဆိုရင် ဒီကနေ့ ဖြစ်ထွန်း တည်ရှိနေတဲ့ နိုင်ငံရေးအခင်းအကျင်းဆိုတာမှန်သမျှဟာ အရေးတော်ပုံကြီးရဲ့ အကျိုးဆက်တွေ၊ အရေးတော်ပုံကြီးရဲ့ ဆင့်ပွားအခက်အလက်တွေချည့် ဖြစ်တယ်လို့ ကျနော်ကတော့ အခိုင်အမာ ယူဆထားတာဖြစ်ပါတယ်။ အရေးတော်ပုံကြီးသာ မရှိခဲ့ဘူးဆိုရင် ဒီနေ့ ဖြစ်ထွန်းတည်ရှိနေတဲ့ နိုင်ငံရေးအခင်းအကျင်းဆိုတာတွေလည်း ဒီလိုအနေအထားအတိုင်း ဘယ်လိုမှ ရှိနိုင်မှာ မဟုတ်ဘူးလို့ ကျနော့်အနေနဲ့ အခိုင်အမာ ယူဆပါတယ်။

DVB Live ကို ထိုင်ကြည့်နေရင်းနဲ့ပဲ ကျနော့်မှာ မေးခွန်းတွေ ရှိလာတယ်။

ခေါင်းဆောင်ကြီးများက ဒီပွဲကို ဘာကြောင့် အလေးအစားထားပြီး မတက်ရောက်ကြတာလဲ။

ဘာကြောင့် သဝဏ်လွှာလေးတောင် ပို့မပေးဘဲ နေရက်ကြတာလဲ။

တကယ်လို့ ခေါင်းဆောင်ကြီးများက တက်ရောက်ပြီး စကားပြောကြမယ်ဆိုရင် ဒါမှမဟုတ် သဝဏ်လွှာပေးပို့ကြမယ်ဆိုရင် ကျနော်တို့ ပြည်သူတွေနဲ့ ရင်ခုန်သံထပ်တူကျခဲ့တဲ့ အရင်ကပြောခဲ့တဲ့စကားမျိုး အရင်ကပြောခဲ့တဲ့ လေသံမျိုးနဲ့ ပြောဆိုတာ ဖော်ပြတာမျိုး ရှိနေနိုင်သေးရဲ့လား။ မရှိနိုင်တော့ဘဲ တိမ်းစောင်းပြောင်းလဲသွားပြီလား။

လွန်ခဲ့တဲ့နှစ် ၃၀ ဆီက၊ ဒါမှမဟုတ် လွန်ခဲ့တဲ့ ၃ နှစ်ဆီက ယုံကြည်ခဲ့သလိုမျိုး ကနေ့ မယုံကြည်ချင်တော့တာလား။ လွန်ခဲ့တဲ့နှစ် ၃၀ ဆီက၊ ဒါမှမဟုတ် လွန်ခဲ့တဲ့ ၃ နှစ်ဆီက ပြောဆိုခဲ့တဲ့စကားမျိုး ကနေ့ မပြောဆိုချင်တော့တာလား။

အတွေးမရှင်းတော့ အရေးမရှင်းဘူးဆိုတာလို ပြောရခက်လာတာကြောင့် လူကိုယ်တိုင်လည်း လာမပြောကြတော့သလို သဝဏ်လွှာပါမပေးတော့ဘဲ ခပ်စိမ်းစိမ်း နေလိုက်တော့တာလား။

စတဲ့ စတဲ့မေးခွန်းတွေသာ ခေါင်းထဲမှာ ထပ်ကာထပ်ကာ ပဲ့တင်ထပ်နေပါတော့တယ်။

■ ဇွန်မိုး

၂၀၁၈ စက်တင်ဘာ ၃ ရက်။

---

***စာမျက်နှာ(၅)မှ အဆက်***

အဲဒီမှာ အရေးကြီးတာက **ပကတိအခြေအနေတရပ်** ဆိုတာပါ။ ကိုယ်ဖြတ်သန်းနေတဲ့ ခေတ်ကာလမှာ ဖြစ်ပျက်နေတဲ့အရာအားလုံးဟာ ပကတိအခြေအနေပါပဲ။

အဲဒါကြောင့် အခြေအနေတရပ်ကို ချဉ်းကပ်ပြီဆိုရင် ကိုယ်နဲ့မတူတဲ့၊ ကိုယ့်အဖွဲ့အစည်းနဲ့မတူတဲ့၊ ကိုယ့်အင်အားစုနဲ့မတူတဲ့ နည်းပရိယာယ်အခင်းအကျင်းနဲ့ လှုပ်ရှားဆောင်ရွက်မှုတွေဟာ ကိုယ့်နေရာ၊ ကိုယ့်အဖွဲ့အစည်းနေရာ၊ ကိုယ့်ပါတီနေရာက ချဉ်းကပ်စဉ်းစားတဲ့အခါမှာ ပကတိအခြေအနေတရပ်ထဲက အချက်အလက်တွေအဖြစ်သာ ချဉ်းကပ်ကြည့်မြင်ရပါမယ်။ ဦးဆောင်မှုအခန်းက ရွေးချယ်ထားတဲ့ နည်းပရိယာယ်အခင်းအကျင်း ဖြစ်ပါစေ၊ ကိုယ်နဲ့မတူ ကိုယ်မယုံကြည်ရင် အဲဒီနည်းပရိယာယ် အခင်းအကျင်းအတိုင်း လိုက်လုပ်စရာမလိုပါဘူး။ ဒါပေမဲ့ ဦးဆောင်မှုအခန်းကသွားနေတဲ့ နည်းပရိယာယ် အခင်းအကျင်းနဲ့ လုပ်ငန်းစဉ်တွေကို ပကတိအခြေအနေရဲ့ အချက်အလက်တွေအဖြစ်တော့ နားလည်ရပါမယ်။ မတူညီကြသူများကြား ဘယ်ဘက်ကမှ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့အမြင်နဲ့ ချဉ်းကပ်လို့ အလုပ်မဖြစ်ပါဘူး။ ကိုယ်နဲ့မတူတဲ့ နည်းပရိယာယ်အခင်းအကျင်း အကောင်းအဆိုးကိုတော့ အနည်းနဲ့အများ ခံကြရပါလိမ့်မယ်။ ရပ်တည်ချက် တလေ့တည်းစီးနေကြသူတွေဖြစ်လို့ တယောက်က အရပ်မျက်နှာတခုကို လှော်နေတဲ့အချိန်မှာ နောက်တယောက်က တခြားအရပ်မျက်နှာတဘက်ကို လှော်နေရင်တော့ ရှေ့ကိုရောက်ဖို့ ပိုကြာပါလိမ့်မယ်။ အဲဒီဒဏ်ကိုတော့ အတိုင်းအတာတခုအထိ ခံကြရမှာပါ။ ဒါပေမဲ့ နောက်ဆုံးမှာတော့ မှန်ကန်သူရဲ့လှော်ခတ်မှု ဦးတည်ရာကို ရောက်ပါလိမ့်မယ်။

မတူတဲ့နည်းပရိယာယ်နဲ့ မတူတဲ့လုပ်ဆောင်ချက်တွေကို ကိုယ်ရင်ဆိုင်ဖြတ်သန်းရတဲ့ ပကတိအခြေအနေရဲ့ အချက်အလက်တွေအဖြစ် ကြည့်မြင်သုံးသပ်ပြီး၊ ရှိနေတဲ့ ပကတိအခြေအနေနဲ့အညီ အကောင်းဆုံးဖြစ်နိုင်ခြေတွေနဲ့ ကိုယ့်နည်းပရိယာယ်အခင်းအကျင်းကို ချမှတ်ရမှာပါ။ ဒါမှလည်း မတူတဲ့နည်းပရိယာယ်တွေကြားမှာ ရန်ဘက်သဘောဆောင်တဲ့ ပွတ်တိုက်မှုကို ရှောင်နိုင်ပြီး၊ နည်းပရိယာယ်ဟန်ချက် ထိန်းညှိနိုင်တဲ့ အားသာချက်တွေကို ရှာဖွေနိုင်မှာပါ။

ဒါကြောင့် ဒီနေ့ လိုအပ်နေတာဟာ ကိုယ်ယုံကြည်တဲ့ နည်းပရိယာယ်အခင်းအကျင်း၊ နည်းပရိယာယ်လမ်းစဉ်ကို ခိုင်ခိုင်မာမာချမှတ်ထားဖို့၊ အဲဒီနည်းပရိယာယ်နဲ့အညီ အကောင်အထည်ဖော်မယ့်လုပ်ငန်းစဉ်ကို ရှင်းရှင်းလင်းလင်း ချမှတ်ထားဖို့ပါပဲ။ အဲဒီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်မှာကလည်း တတိယအင်အားစု မဟုတ်ပါဘူး။ အခုရှိနေတဲ့ ဒီမိုကရေစီအင်အားစုနဲ့ တိုင်းရင်းသားပြည်သူတွေပဲ ဖြစ်ပါတယ်။

■ တင်အေး(၈၈ မျိုးဆက်၊ ဗကသ)

# ကမ္ဘာတခြမ်းကို ဘယ်လိုတန်ဖိုးပေးမလဲ

## ■ ကြယ်စင်မြစ် ■



လူငယ်စွမ်းရည်မြှင့်သင်တန်းကျောင်းက ကျမတို့ပါတီရဲ့ အမျိုးသမီးတွေ လုပ်ကိုင်ဆောင်ရွက်နေမှုများနဲ့ ပတ်သက်ပြီး မိတ်ဆက်ပေးပါဆိုလို့ ဩဂုတ်လလည်လောက်မှာ ပါတီရဲ့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ ကျမသွားပြီး မိတ်ဆက် ပေးဖြစ်ခဲ့ပါတယ်။ အဓိကအားဖြင့်တော့ ကျမတို့အမျိုးသမီး တွေရဲ့ အခန်းကဏ္ဍကို နိုင်ငံရေးနယ်ပယ်မှာ ဖြစ်စေ၊ အခြား နယ်ပယ်အသီးသီးမှာဖြစ်စေ ဘယ်လိုမြှင့်တင်ကြမလဲဆိုတဲ့ ကိစ္စကို ကျမတို့ပါတီက၊ အထူးသဖြင့် ပါတီ အမျိုးသမီး ခေါင်းဆောင်များအနေနဲ့ ဆွေးနွေးထားကြတဲ့ကိစ္စတွေကို ဖလှယ်ပေးတဲ့သဘောပါပဲ။ အမျိုးသမီးလုပ်ငန်းအဖွဲ့(WWC) ပေါ်ပါက်လာရတဲ့ အကြောင်းရင်း၊ ရည်ရွယ်ချက်၊ လုပ်ကိုင် ဆောင်ရွက်ပုံ စသည်ဖြင့် ပြောပြဖြစ်ပါတယ်။

ပထမဦးဆုံး ပြောပြဖြစ်တာကတော့ ကျမတို့နိုင်ငံ ဖြတ်သန်းခဲ့ရတဲ့ တိုက်ပွဲများကိစ္စပဲ ဖြစ်ပါတယ်။ ကျမတို့ နိုင်ငံဟာ လွတ်လပ်ရေးမရမီကာလမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ တွေကို ဆင်နွှဲခဲ့ရတယ်။ လွတ်လပ်ရေးရပြီးချိန်မှာလည်း လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ တိုက်ပွဲတွေကို ဆက် လက်ဆင်နွှဲကြရပြန်ပါတယ်။ အဲဒီတိုက်ပွဲတွေကတော့ ဒီမို ကရေစီရေး၊ ငြိမ်းချမ်းရေး၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး တိုက်ပွဲတွေပဲ ဖြစ်ပါတယ်။ ဒီတိုက်ပွဲတွေကို ဘယ်လိုသဏ္ဍာန် တွေနဲ့ တိုက်ကြရသလဲဆိုရင် လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲ ဆိုတဲ့သဏ္ဍာန်တစ်မျိုး၊ နောက်တစ်မျိုးကတော့ လက်နက် ကိုင်တော်လှန်ရေးဆိုတဲ့ သဏ္ဍာန်တစ်မျိုး ဒီနှစ်မျိုးစလုံးနဲ့ ကျမတို့ တိုက်ကြရပါတယ်။ လူထုလှုပ်ရှားမှု ထဲမှာပဲဖြစ်ဖြစ်၊ လူထုတိုက်ပွဲတွေထဲမှာပဲ ဖြစ်ဖြစ် လက်နက်ကိုင် တော်လှန်ရေးထဲမှာ ဖြစ်ဖြစ် ကျမတို့အမျိုးသမီးတွေ ပါဝင်လှုပ်ရှား ခဲ့ကြပါတယ်။

တိုက်ပွဲအလီလီ၊ တိုက်ပွဲသဏ္ဍာန် အမျိုးမျိုးမှာ ကျမတို့ အမျိုးသမီးတွေဟာ ထဲထဲဝင်ဝင် ပါဝင်ခဲ့ကြပေမယ့် ခေါင်းဆောင်မှု အခန်း၊ အဆုံးအဖြတ်အခန်း(policy maker) အခန်းတွေမှာတော့ ပါဝင်မှုအတော်နည်းနေ တာကို စိတ်မကောင်းစရာ တွေ့မြင်နေရ ပါတယ်။ ဒါဟာ ခွဲခြားဆက်ဆံခံနေရတာ ဖြစ်ကြောင်း သက်သေပြနေတာ ဖြစ်ပါတယ်။ ဘာကြောင့် ခွဲခြားဆက်ဆံခံနေရတာလဲဆိုတော့ စနစ်ဟောင်းတွေ၊ အလေ့ အကျင့်ဟောင်းတွေ၊ ဓလေ့စရိုက်ဟောင်းတွေနဲ့ ယဉ်ကျေးမှု ဟောင်းတွေကြောင့်ဖြစ်တယ်လို့ ကျမတို့ပါတီက သုံးသပ်ပါ တယ်။ ကျောင်းသားတွေကို ဒီအကြောင်း ကျမရှင်းပြခဲ့ပါတယ်။

၁၉၈၈ ခုနှစ် ကျမတို့ပါတီကို စတင်တည်ထောင်စဉ် ကာလမှာ အရမ်းနုနယ်သေးလို့ ဒီအချက်ကို ကျမတို့ အလေး အနက် မစဉ်းစားမိသေးပေမယ့် ၂၀၀၂ ခုနှစ် ဒုတိယအကြိမ် ပါတီညီလာခံလုပ်တဲ့အချိန်မှာတော့ ကျမတို့ ဒီအချက်ကို အလေးအနက်ထားပြီး စဉ်းစားခဲ့ကြပါတယ်။ စဉ်းစားပြီးတော့မှ အမျိုးသမီးများရဲ့ပါဝင်မှု ကြီးမားလာရေးနဲ့ အမျိုးသမီး ခေါင်း ဆောင်မှုအခန်းကဏ္ဍ တိုးချဲ့နိုင်ရေးဆိုတာကို စဉ်းစားခဲ့ကြ ပါတယ်။ အဲဒီစဉ်းစားမှု၊ အဲဒီလမ်းညွှန်မှုနဲ့ ၂၀၀၂ ခုနှစ်ထဲမှာပဲ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ကို ကျမတို့ပါတီက စတင်ဖွဲ့ စည်း ဖြစ်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ အင်အားတွေ ထပ်တိုး ချဲ့ပြီးတော့ ၂၀၀၅ မှာ ဒုတိယအကြိမ်မြောက် ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ကျမတို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ အဓိကအားဖြင့် ၅ ချက်ရှိပါတယ်။ အဲဒါတွေကတော့

၁။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေး ဦးတည်ချက်များ၊ လုပ်ငန်းစဉ်များအား အကောင်အထည် ဖော်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် အင်အားတစ်ရပ် ဖြစ်ပေါ်လာစေရန်၊

၂။ နိုင်ငံရေးလှုပ်ရှားမှုနှင့် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများပါဝင်မှု ပိုမိုမြင့်မားလာစေရန်၊

၃။ ပြည်တွင်းပြည်ပအမျိုးသမီးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ အမျိုးသမီးအဖွဲ့အစည်းများ၊ အခြားသောအဖွဲ့အစည်းများနှင့် လက်တွဲ၍ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်၊

၅။ အမျိုးသမီးများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုကို မြှင့်တင်ရန် စတာတွေဖြစ်ပါတယ်။

အဲဒီအချိန်ကာလတုန်းက ကျမတို့ပါတီဟာ ထိုင်းမြန်မာနယ်စပ်ဒေသမှာ ရပ်တည်နေရတဲ့အချိန်ဖြစ်ပြီး အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဟာ ၁၉၉၀ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး၊ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး၊ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန့်ကျင်ရေး အစရှိတဲ့ လှုပ်ရှားမှုတွေတိုင်းမှာ ပါဝင်ခဲ့ကြပါတယ်။ အာဏာသိမ်းစစ်အစိုးရက အမျိုးသမီးတွေအပေါ် အကြမ်းဖက်ပြီးတော့ လိင်အရပါ စော်ကားမော်ကားလုပ်တဲ့ကိစ္စတွေကို အခြားအမျိုးသမီးအဖွဲ့အစည်းတွေက အစီရင်ခံစာတွေထုတ်တဲ့ အချိန်မှာ ပိုပြီးထိရောက်အောင်၊ ပိုပြီးပျံ့နှံ့အောင် ကျမတို့ ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြပါတယ်။ တပြိုင်နက်တည်းမှာပဲ ကျမတို့ အမျိုးသမီးတွေအတွက် အရည်အချင်းမြှင့်တင်တဲ့ လုပ်ငန်းတွေကိုလည်း လုပ်ဆောင်ခဲ့ကြပါတယ်။ နယ်စပ်ဒေသမှာ ဆောင်ရွက်နိုင်သမျှကိစ္စတွေ အကုန်လုံး ဆောင်ရွက်ခဲ့ကြပါတယ်။

ကျမတို့ပါတီမှာ နိုင်ငံရေးဦးတည်ချက် ၅ ရပ် ရှိပါတယ်။

(က) ဒီမိုကရေစီရေး

(ခ) လူ့အခွင့်အရေးကို အပြည့်အဝ အာမခံနိုင်ရေး

(ဂ) ငြိမ်းချမ်းရေး

(ဃ) အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သော ပြည်နယ်ပေါင်းစု ပြည်ထောင်စုကြီး တည်ဆောက်ရေး

(င) အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း တည်ဆောက်ရေးတို့ပဲ ဖြစ်ပါတယ်။

ဒီနိုင်ငံရေးဦးတည်ချက် ၅ ရပ်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းစဉ် ၃ ရပ်ကို ချထားကြပါတယ်။ အဲဒီလုပ်ငန်းစဉ် ၃ ရပ်ထဲမှာ ပါတီတည်ဆောက်ရေး လုပ်ငန်းစဉ်ဆိုတာ ပါပါတယ်။ ပါတီတည်ဆောက်ရေးဆိုတာ ပါတီတစ်ခုရဲ့ သော့ချက်ဖြစ်ပါတယ်၊ သိပ်ကိုအရေးကြီးတယ်ဆိုတာ အထူးပြောစရာမလိုပါဘူး။ ပါတီတည်ဆောက်ရေး လုပ်ငန်းစဉ်မှာ အသေးစိတ် လုပ်ငန်း ၅ ရပ်ရှိတဲ့အနက် နံပါတ် ၃ လုပ်ငန်းစဉ်ဟာ 'ပါတီ၏လုပ်ငန်းစဉ် အဆင့်ဆင့်တွင် လူငယ်နှင့် အမျိုးသမီးများ ပိုမိုပါဝင်လာရေးကို အလေးထား ဆောင်ရွက်သွားမည်ဆိုတာပဲ ဖြစ်ပါတယ်။

ဒါဟာ ကျမတို့ရဲ့ အင်မတန်အရေးကြီးတဲ့ လုပ်ငန်းစဉ်တရပ် ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုပြောတာလဲဆိုတော့ ကျမတို့နိုင်ငံလူဦးရေရဲ့ ၅၀% ကျော်ဟာ အမျိုးသမီးတွေဖြစ်ပြီး သန်း ၂၀ လောက်ဟာ လူငယ်တွေဖြစ်တယ်လို့ သိရပါတယ်။ ဒါဆို ဒီလူတွေကို ပစ်ပယ်ထားလို့မရဘူး။ ဒါမှမဟုတ် ဒီလူတွေရဲ့ လုပ်အားကို ကျမတို့ ဘေးဖယ်ထားလို့ မရဘူးဆိုတာကို အလေးအနက်ထားကြရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်အောက်ကပဲ အလုပ်တွေကို ကျယ်ပြန့်စွာလုပ်နိုင်အောင် ဒီနေ့ အခြေအနေနဲ့အပ်စပ်တဲ့ အမျိုးသမီးလုပ်ငန်းကော်မတီကို ဖွဲ့ဖို့သင့်တယ်ဆိုတာကို ကျမတို့ အကြိမ်ကြိမ် စဉ်းစားကြပါတယ်။ ဘယ်လိုရည်မှန်းချက်တွေနဲ့ဖွဲ့မလဲလို့ စဉ်းစားကြည့်တဲ့အခါကျတော့ အကြမ်းဖျဉ်းအားဖြင့် အချက်လေးချက်ကို ရရှိပါတယ်။

အဲဒီအချက်လေးချက်ထဲမှာ ပထမအချက်က အမျိုးသမီးတွေအပေါ်မှာ သဏ္ဌာန်အမျိုးမျိုးနဲ့ ခွဲခြားဆက်ဆံခံနေရတာကို ဖယ်ရှားပစ်ရမယ်ဆိုတာ ဖြစ်ပါတယ်။ ကျမတို့ကို လိင်အရ၊ လုပ်ခလစာအရ၊ တက္ကသိုလ်ဝင်ခွင့်အရ၊ နေရာပေးမှုအရပဲဖြစ်ဖြစ် ဘယ်လိုခွဲခြားဆက်ဆံမှုမျိုးကိုမှ ကျမတို့ ခွင့်မပြုနိုင်ပါဘူး။ ဒီနေ့လို စစ်အာဏာရှင်တပိုင်းဖြစ်နေတဲ့ အခြေအနေမျိုးမှာ ကျမတို့ ဒါတွေကို ရင်ဆိုင်နေရဆဲဖြစ်တယ်ဆိုတာ အားလုံးအသိပါ။ ဒါတွေကို လုံးဝ ဖျက်သိမ်းပစ်နိုင်ဖို့ ရည်မှန်းတာ ဖြစ်ပါတယ်။

နောက်တခုကတော့ နိုင်ငံရေးနယ်ပယ်မှာဖြစ်ဖြစ်၊ လူမှုရေးနယ်ပယ်မှာဖြစ်ဖြစ် ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် ကျမတို့ အမျိုးသမီးတွေရဲ့အခန်းကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင်ပါလာရေးကို ကျမတို့ ကြိုးစားဆောင်ရွက်ပေးဖို့ ရည်ရွယ်ပါတယ်။ ကျမလေ့လာမိသလောက်ဆိုရင် ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသမီးပါဝင်မှုက ၁၀. ၂%၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး လွှတ်တော်တွေမှာ အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုက ၃% သာရှိတယ်လို့ သိရပါတယ်။ တိုင်းနဲ့ပြည်နယ်ဝန်ကြီးချုပ်နေရာ ၁၄ နေရာမှာ အမျိုးသမီးက ၂ ဦး၊ ပြည်ထောင်စုဝန်ကြီးအဆင့်မှာ ၁ ဦးသာ ရှိနေပါတယ်။ ဆုံးဖြတ်ချက်ချတဲ့ကဏ္ဍတွေမှာ အမျိုးသမီးများအပေါ် ယုံကြည်စွာ တာဝန်ပေးမှုဟာ အလွန်အားနည်းနေသေးတဲ့ ဒီလိုအခြေအနေမှာ အမျိုးသမီးတွေပါဝင်မှု ပိုမိုကြီးမားလာအောင် ကျမတို့ ကျိန်းသေပေါက်မြှင့်တင်ပေးရပါမယ်။

နောက်တချက်က အရည်အချင်းမရှိဘဲ ခေါင်းဆောင်နေရာ တက်ယူတယ်ဆိုတာမျိုးလည်း မဖြစ်သင့်ပါဘူး။ အရည်အချင်းလည်းရှိရမယ်၊ ခေါင်းဆောင်ရဲတဲ့သတ္တိလည်းရှိရမယ်။

ခေါင်းဆောင်ဖြစ်ခွင့်လည်းရှိရမယ်လို့ ကျမ ယူဆပါတယ်။ အမျိုးသမီးတွေရဲ့အရည်အချင်းကို မြှင့်တင်ပေးဖို့ လူ့အဖွဲ့ အစည်းမှာ တာဝန်ရှိတယ်လို့ ကျမတို့ စဉ်းစားမိတယ်။ ကျမတို့ ပါတီမှာလည်း ဒီတာဝန်ရှိတယ်လို့ ခံယူပါတယ်။ အထူးသဖြင့် ကျမတို့ အမျိုးသမီးခေါင်းဆောင်များဟာ အမျိုးသားခေါင်း ဆောင်များနဲ့ တိုင်ပင်ညှိနှိုင်းပြီး အမျိုးသမီးများ စွမ်းဆောင်ရည် တွေ မြင့်လာအောင် ကြိုးစားပေးကြရလိမ့်မယ်လို့ စဉ်းစား ကြပါတယ်။

နောက်တစ်ချက်ကတော့ ခေါင်းဆောင်မှုအဆင့် တိုင်းမှာ မြို့နယ်စည်းကော်မတီမှာပဲဖြစ်ဖြစ်၊ ခရိုင်စည်းကော် မတီမှာပဲဖြစ်ဖြစ်၊ တိုင်းစည်းကော်မတီမှာပဲဖြစ်ဖြစ်၊ ဗဟို စည်းကော်မတီမှာပဲဖြစ်ဖြစ် အမျိုးသမီးတွေရဲ့ ပါဝင်မှုကို မြှင့် တင်သွားကြရမှာ ဖြစ်ပါတယ်။ အနည်းဆုံး ၃၀% ပါဝင် လာရေးအထိ ရည်မှန်းထားပါတယ်။ ကျမတို့နိုင်ငံ လက်ရှိ လူ့အဖွဲ့အစည်းက ဒီရည်မှန်းချက်တွေ ပြည့်မီရေးအတွက် အဆင်သင့်မဖြစ်သေးသလို ဖြစ်နေတဲ့အခါကျတော့ ကျမတို့ ဘယ်လောက်ပင်ဆန္ဒရှိသော်လည်းပဲ ရာခိုင်နှုန်းပြည့်မီဖို့ အတော်လေး ခဲယဉ်းနေတာ တွေ့ရပါတယ်။ ကျမတို့ ပါတီမှာ အခုလက်ရှိပါဝင်မှုတွေကို ကြည့်တဲ့အခါ

- ဗဟိုစည်းရုံးရေးကော်မတီအဆင့်မှာ အမျိုးသမီးပါဝင်မှု ၂၀%
- မြို့နယ်၊ ခရိုင်နဲ့ တိုင်းဒေသကြီး စည်းရုံးရေးကော်မတီ အဆင့်မှာ အမျိုးသမီးပါဝင်မှု ၁၆. ၈%
- ပါတီဝင်အဆင့်မှာ အမျိုးသမီးပါဝင်မှု ၂၅. ၂%
- ၂၀၁၅ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း တွေမှာ အမျိုးသမီးပါဝင်မှု ၂၃. ၈% တော့ ရရှိနေပြီ

ဖြစ်ပါတယ်။ ဘာပဲပြောပြော နှိုင်းယှဉ်ချက်အရဆိုရင်တော့ မဆိုးလှတဲ့အခြေအနေလို့ ပြောနိုင်ပါတယ်။ သို့သော်လည်း ၂၀၂၀ ရောက်ရင်တော့ အနည်းဆုံး ၃၀% ရှိသင့်တယ်လို့ မျှော်မှန်းပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလောက် ရောက် အောင်တော့ ကျမတို့ အတတ်နိုင်ဆုံး ကြိုးစားကြည့် ချင်ပါတယ်။

ဒါကြောင့်မို့လို့ ကျမတို့ဟာ ၂၀၁၇ ဒီဇင်ဘာ ၂၇ ရက်နဲ့ ၂၈ရက်နေ့တွေမှာ ဒေသအသီးသီးက ပါတီ အမျိုး သမီးခေါင်းဆောင်တွေရဲ့ အစည်းအဝေးတရပ်ကို ပြုလုပ်ခဲ့ ကြပြီး အမျိုးသမီးလုပ်ငန်းကော်မတီကို (Women Working Committee - WWC) ကို စတင်ဖွဲ့စည်းခဲ့ကြပါတယ်။

ဖွဲ့စည်းပြီးတယ်ဆိုရင်ပဲ အမျိုးသမီးတွေ အရည် အချင်းမြှင့်တင်နိုင်ဖို့အတွက် 'အမျိုးသမီးများအား နည်းမျိုးစုံ ဖြင့် ခွဲခြားနေမှုများ ပပျောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ' တစ်ခုကို ပြုလုပ်ခဲ့ကြပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှာ ပြုလုပ်တဲ့ Action for Gender Equality Conference ကို တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ ပြီးတော့ မြင်းခြံမှာ အထက် မြန်မာနိုင်ငံဒေသအသီးသီးက ပါတီအမျိုးသမီးရဲဘော်တွေနဲ့ 'နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးဆွေးနွေးပွဲ' တစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ပါတီဗဟိုဦးဆောင်ကော်မတီနဲ့ တွေ့ဆုံပြီး ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများ ညှိနှိုင်းဆွေးနွေး ခဲ့ပါ တယ်။ ၂၀၁၈ မတ်လ ၅ ရက်နေ့မှာ 'အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားနေမှုများ ပပျောက်ရေးလှုပ်ရှားမှု' (Pamphlet Campaign) တစ်ရပ်ကို မြို့နယ် ၇ ခုမှာ တပြိုင်တည်း ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့ညနေပိုင်းမှာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး CEDAW စာချုပ်ကို အစိုးရက ခြွင်းချက်မရှိ လက် မှတ်ထိုးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ဒီနှစ် ဩဂုတ်လထဲ မှာလည်း 'အမျိုးသမီးများဦးဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ' တစ်ခုကို ရန်ကုန်မှာ ပြုလုပ်ခဲ့ပါတယ်။ ကျမတို့ ဒီ့ထက်မက ဆောင်ရွက်သွားကြဖို့ ရှိပါတယ်။

၂၀၁၈ နှစ်ကုန်ပိုင်းမှာ ကျမတို့ပါတီက ပါတီစုံညီ အစည်းအဝေးတခု လုပ်ဖို့ စီစဉ်နေတာရှိပါတယ်။ ပါတီစုံညီ အစည်းအဝေးဆိုတာက တကယ်တမ်းကျတော့ ညီလာခံကဲ့သို့ သဘောဆောင်ပါတယ်။ ပါတီအတွက် အရမ်းကို အရေးကြီး ပါတယ်။ အဲဒီစုံညီအစည်းအဝေးအတွက် ကိုယ်စားလှယ် ရွေး ချယ်ရာမှာ အရည်အချင်းပြည့်တဲ့ အမျိုးသမီးတွေ ပါလာဖို့ အင်မတန်လိုအပ်သလို အဲဒီကနေ ရွေးကောက်တင်မြှောက် လိုက်မယ့် ခေါင်းဆောင်မှုအသစ်မှာ ဆိုရင်လည်း အရည် အချင်းရှိတဲ့အမျိုးသမီးတွေပါလာဖို့ လိုအပ်ပါတယ်။ အဲဒီလို ပါလာနိုင်အောင် ကျမတို့ အလေးအနက်ထားပြီး ကြိုးစားကြ ရမှာ ဖြစ်ပါတယ်။

ကျမအနေနဲ့ ကျောင်းသူကျောင်းသားတွေကို ဒီ အကြောင်းတွေကို တတ်နိုင်သလောက် မိတ်ဆက်ပြောပြခဲ့ ပါတယ်။ တဆက်တည်းမှာပဲ ကျမတို့ရဲဘော်တွေ၊ ရဲဘော်မ တွေ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ကျမတို့ပါတီဝင်တွေအားလုံး ကို အမျိုးသမီးများရဲ့အခန်းကဏ္ဍ ကြီးမားလာရေးနဲ့ ခေါင်း ဆောင်မှုအဆင့်ဆင့်မှာ အမျိုးသမီးတွေ ဒီထက်မက ပိုမိုပါဝင် လာရေးအတွက် ဝိုင်းဝန်းကြိုးစားပေးကြပါလို့ မေတ္တာရပ်ခံ တိုက်တွန်းလိုက်ပါတယ်။

■ ကြယ်စင်မြစ်

## ပါတီဗဟိုဦးဆောင်ကော်မတီနှင့် လူ့ဘောင်သစ်လူငယ်များ တွေ့ဆုံဆွေးနွေး




၂၀၁၈၊ ဩဂုတ်လ ၂၄ ရက်နှင့် ၂၅ရက်နေ့တို့တွင် လူ့ဘောင်သစ်လူငယ် ဗဟိုလုပ်ငန်းကော်မတီဝင်များ၊ လူငယ်အဖွဲ့ဝင်သစ်များသည် ပါတီဗဟိုဦးဆောင်ကော်မတီနှင့် ပါတီဌာနချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် လူ့ဘောင်သစ်လူငယ် လုပ်ငန်းကော်မတီဝင်များက ၎င်းတို့၏ လတ်တလောဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့ကြပြီး ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ပါတီတာဝန်ရှိသူများက ပါတီ၏မူဝါဒများ လက်ရှိ လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို မိတ်ဆက်ပေးပြီး လူငယ်အဖွဲ့ဝင်သစ်များကလည်း ၎င်းတို့ သိရှိလိုသည်များကို စိတ်ဝင်စားစွာ မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

---

## ဖုယွင်အထည်ချုပ်အလုပ်သမားသမဂ္ဂ သပိတ်တိုက်ပွဲသို့ သွားရောက်အားပေး




ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် အဖွဲ့ဝင် ဖုယွင်အထည်ချုပ်အလုပ်သမားသမဂ္ဂ စတင်ထူထောင်သူ အယောက်(၃၀)အား လုပ်ငန်းရှင်မှ အကြောင်းမဲ့ အလုပ်မှ ထုတ်ပယ်ခဲ့သည့်အတွက် အလုပ်သမားသမဂ္ဂ အဖွဲ့ဝင် ၂၀၀ ကျော်က အလုပ်သမားသမဂ္ဂခေါင်းဆောင်များအား အလုပ်ပြန်လည်ခန့်အပ်ပေးရေး အပါအဝင် တောင်းဆိုချက် ၉ ချက်ဖြင့် ၂၀၁၈ ဩဂုတ်လ ၂၁ ရက်နေ့မှစတင်၍ သပိတ်မှောက်တောင်းဆိုခဲ့ကြပါသည်။ အလုပ်ရှင်နှင့် ညှိနှိုင်းသော်လည်း ပြေလည်မှုမရှိသေးပါ။ သပိတ်မှောက်အလုပ်သမားများ လိုအပ်သည့်နေရာတွင် သုံးစွဲနိုင်ရေးအတွက် ပါတီနှင့် လူ့ဘောင်သစ်လူငယ်တို့က အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။ သပိတ် ၈ ရက်မြောက်နေ့တွင်လည်း ဖုယွင်အထည်ချုပ်စက်ရုံ အလုပ်သမားသပိတ်သို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ၈၄–၈၅–၈၆ နိုင်ငံရေးအင်အားစု၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းငြိမ်းချမ်းရေးကွန်ရက်တို့မှ တာဝန်ရှိသူများ ထပ်မံသွားရောက်ပြီး ဝန်းရံအားပေးစကားများပြောကြားခြင်း၊ အလှူငွေများပေးအပ်ခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

---

## မြင်းခြံမြို့နယ်အတွင်းရပ်ကျေးအဆင့် ပါတီဆိုင်းဘုတ်တင်ပွဲများ ဆက်တိုက်ပြုလုပ်



မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ကျေးရွာအုပ်စုတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ၂၀၁၈၊ ဇူလိုင်လ ၂၄ ရက်နေ့၌ ပြုလုပ်ခဲ့ပါသည်။ ဆိုင်းဘုတ်တင်ပွဲတွင် ထနောင်းတိုင်ကျေးရွာအုပ်စု စည်းရုံးရေးတာဝန်ခံ ကိုပြည့်ဖြိုးဝင်းက ကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့ပြီး ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်မှ ပါတီ၏ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် လက်ရှိနိုင်ငံရေးအခြေအနေများကို မိတ်ဆက် ပြောကြားပေးခဲ့သည်။ လူ့ဘောင်သစ်လူငယ်အကြောင်းကို လူ့ဘောင်သစ်လူငယ် မအိသဉ္ဇာမောင်က ပြောကြားခဲ့ပြီး မြင်းခြံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဖြိုးဟန်နှင့် မြို့နယ်စည်းရုံးရေးကော်မတီဝင်ဦးမျိုးဟန်တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြပါသည်။ ၇၊ ၈၊၂၀၁၈ တွင် အမှတ် (၁၉)ရပ်ကွက်တွင်လည်းကောင်း၊ ၉၊၈၊၂၀၁၈ တွင် လေးရွာဆုံကျေးရွာ၌လည်းကောင်း၊ ၁၅၊၈၊၂၀၁၈ တွင် ကျောက်ကုန်းကျေးရွာတွင်လည်းကောင်း၊ ၄၊၉၊၂၀၁၈ တွင် အမှတ်(၂) ရပ်ကွက်တွင်လည်းကောင်း၊ ၁၀၊၉၊ ၂၀၁၈ တွင် ရွာသာကုန်းကျေးရွာတွင်လည်းကောင်း ရပ်ကျေးဆိုင်းဘုတ်တင်ပွဲများ ဆက်တိုက်ပြုလုပ်ခဲ့သည်။

## ငြိမ်းချမ်းရေးလူထုနှီးနှောဖလှယ်ပွဲ(ရန်ကုန်) ကျင်းပပြုလုပ်




ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲ (ရန်ကုန်)ကို ၂၀၁၈ ဇူလိုင်လ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် ရန်ကုန် မျက်မမြင်ကျောင်း(ခဝဲခြံ)၌ ကျင်းပခဲ့ပါသည်။ လူထုဆန္ဒကိုအခြေခံ၍ ငြိမ်းချမ်းရေး တည်ဆောက်ရန်၊ ညီညွတ်ရေးဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပခြင်းဖြစ်ပါသည်။ နှီးနှောဖလှယ်ပွဲတွင် ဖိတ်ကြားထားသည့် လူပုဂ္ဂိုလ်များက သဘောထားအမြင်များ တင်ပြခြင်း၊ ဘာသာကြီးလေးခုမှ ဆုတောင်းမေတ္တာပို့ခြင်း၊ အဖွဲ့အစည်းအသီးသီးက ပေးပို့လာသည့် စာတမ်းအနှစ်ချုပ်များကို တင်ပြဖတ်ကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး ၂ရက်တာ တင်ပြဆွေးနွေးရရှိချက်များအပေါ် အခြေခံ၍ အမြင်သဘောထားစုစည်းချက်တရပ်ကို ထုတ်ပြန်၍ သတင်းစာရှင်းလင်းပွဲတရပ်လည်း ပြုလုပ်ခဲ့ပါသည်။ နှီးနှောဖလှယ်ပွဲသို့ စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ဝင်ပါတီများ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လူ့ဘောင်သစ်လူငယ်၊ တိုးတက်သောဒီမိုကရက်တစ်အင်အားစုအဖွဲ့ဝင်အဖွဲ့အစည်းများ၊ လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်၊ မန္တလေး၊ မုံရွာ၊ လက်ပံတောင်း၊ ပခုက္ကူတို့မှ နိုင်ငံရေးအင်အားစုများ၊ ကရင်နီပြည်(ကယန်း)နိုင်ငံရေးအင်အားစုများ၊ ဗကသများအဖွဲ့ချုပ်၊ လယ်သမားသမဂ္ဂများ၊ ရလလဖ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ငြိမ်းချမ်းရေးကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပါသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် လူ့ဘောင်သစ်လူငယ်တို့၏ စာတမ်းများကိုလည်း နှီးနှောဖလှယ်ပွဲတွင် တင်ပြခဲ့ကြပါသည်။

---

## အမျိုးသမီးများဦးဆောင်မှု အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်




အမျိုးသမီးများဦးဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို ၁၉–၂၀၊ ၈၊ ၂၀၁၈နေ့များတွင် ပါတီ၏ အမျိုးသမီးလုပ်ငန်းကော်မတီ(WWC)မှ ဦးဆောင်ပြီး ပြုလုပ်ခဲ့ရာ ရန်ကုန်၊ မြင်းခြံ၊ တံတားဦး၊ ပွင့်ဖြူ၊ ချောင်းသာ၊ ဆားလင်းကြီး အစရှိသည့် ဒေသများမှ ပါတီဝင်အမျိုးသမီးခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲကို ဒေါ်နိုးနိုးထက်စံ ဦးဆောင်ပြီး ပါတီတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ် အဆင့်ဆင့်တွင် လူငယ်နှင့် အမျိုးသမီးများ ပိုမိုပါဝင်လာရေးအပေါ် အခြေခံ၍ ကိုတာစနစ်ကို ဆွေးနွေးခဲ့ပါသည်။

---

## ရောဝတီတိုင်းဒေသကြီးစည်းရုံးရေးကော်မတီ အစည်းအဝေးကျင်းပ



ရာဝတီတိုင်းဒေသကြီး စည်းရုံးရေးကော်မတီအစည်းအဝေးကို ၂၀၁၈ ဇူလိုင်လ ၄ ရက်နေ့တွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး စည်းရုံးရေးကော်မတီရုံးခန်း၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် အတွင်းရေးမှူး(၁)ဒေါ်နှင်းနှင်းမွှေးက အဖွင့်စကားပြောကြားပြီး ဧရာဝတီတိုင်းဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အစည်းအဝေးခေါ်ယူရခြင်း ရည်ရွယ်ချက်နှင့် ပါတီလက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ အစည်းအဝေးတက်ရောက်လာသည့် မြို့နယ်ခေါင်းဆောင်အသီးသီးက အခြေအနေများကို ပြန်လည်တင်ပြ၍ ဆက်လက်ဆောင်ရွက်ရန်များကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။